ဟိုင်းကြီးကျွန်း အရေးအခင်း

မနုဿ

၁၇၅၃–ခုနှစ်တွင် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ ဘုရင်ခံချုပ်ဆွန်းဒါး (Sauuder) သည် ဟိုင်းကြီးကျွန်းကို စစ်ရေးအရ အခြေစိုက်ထားရန်၊ ၎င်း၏ လျှို့ဝှက်ကော်မတီဖြင့် ဆုံးဖြတ်ခဲ့သည်။ ၁၇၅၄–ခုနှစ်၌ ၎င်းတို့၏ တပ်ဖွဲ့တဖွဲ့သည် ဟိုင်းကြီးကျွန်းပေါ် သို့ရောက်နေခဲ့ပြီဖြစ်သည်။ ထိုသို့ ဟိုင်းကြီးကျွန်းအား တိတ်တဆိတ် တက်ရောက်သိမ်းပိုက်အခြေစိုက်ရန် အကြံပေးသူမှာ ကပ္ပတိန်ဘာတွန်(Captain Barton)ဖြစ်ပေသည်။

ဘုရင်ခံချုပ်ဆွန်းဒါး၏ ''ဟိုင်းကြီးကျွန်းတွင် ဥရောပကိုလိုနီထူထောင်ခဲ့ရခြင်းအကျိုးဆက်များ''အမည်ရှိ စာတန်းတွင် မြန်မာ့မြေတစိတ်တဒေသကို ကုမ္ပဏီက မည်သည့်ရည်ရွယ်ချက်ဖြင့် သိမ်းယူအခြေစိုက်ခဲ့ခြင်းဖြစ်သည်ကို အောက်ပါအတိုင်း ဖော်ပြထားသည်။

ဟိုင်းကြီးကျွန်းတွင် အင်္ဂလိပ်တို့လာရောက် အခြေစိုက်ခြင်းမှာ ကုန်သွယ်ရေးသက်သက်ကြောင့် မဟုတ်ပေ။ ထိုကျွန်းတွင် အခြေစိုက်လိုက်ခြင်းအားဖြင့် ထိုကျွန်း၏ အချုပ်အချာအာဏာသည် ကုမ္ပဏီ၏ လက်တွင်းသို့ ကျရောက်လာမည်။ မြစ်ကြောင်းတွင် သောင်များ ထွန်းပေါ်နေခြင်းကြောင့် နှစ်အနည်းငယ်အတွင်း သန်လျင်ဆိပ်ကမ်းကောသွားကာ သင်္ဘောကြီးများ ဝင်နိုင်တော့မည်မဟုတ်ဟု ကျွန်ုပ်တို့ယူဆသည်။

ဟိုင်းကြီးကျွန်းသည် သင်္ဘောများ ဝင်ထွက်သွားလာနိုင်သည့်မြစ်ဖျားနှင့်ဆက်သွယ်လျက် ရှိသည်။ ထိုမြစ်များမှတဆင့် မြန်မာမင်း၏ ပိုင်နက်တွင်းသို့ ကုမ္ပဏီ၏ ကုန်သွယ်မှုထိုးဖောက်ဝင်ရောက်သွားနိုင်သည်။ မြန်မာနိုင်ငံမှ ကုန်စည်အားလုံးကို ဟိုင်းကြီးကျွန်းမှပင် ကောက်ယူနိုင်သည့်အပြင် ထိုကျွန်းတွင် သင်္ဘောများ လွှန်းတင်ခြင်း၊ သင်္ဘောသစ်များ တည်ဆောက်ခြင်းတို့ကိုလည်း သန်လျင်ဆိပ်ကမ်းမှာထက် အန္တရာယ်ကင်းစွာ လုပ်နိုင်သည်။ ဟိုင်းကြီးကျွန်း၏ ပထဝီအနေအထားအရလည်း အတော်အတန် အင်အားကြီးသည့်ထိုးစစ်ကိုပင် အလွယ်တကူ တွန်းလှန်နိုင်သည်။

မြန်မာနိုင်ငံတွင်း ဗြိတိသျှသြဇာကို ထိုးဖောက်လှမ်းမိုးရေးတွင်လည်းကောင်း၊ ပြင်သစ်တို့နှင့်အားပြိုင်ရာတွင် အခြေစိုက်စခန်းတခုအဖြစ် အသုံးပြုရန်လည်းကောင်း ဟိုင်းကြီးကျွန်းသည် များစွာ အလားအလာကောင်းသည်ဟု စာတန်းပြုသူက ထောက်ပြခဲ့လေသည်။

ဤသို့ အင်္ဂလိပ်တို့ မြန်မာ့မြေ ဟိုင်းကြီးကျွန်းကို တိတ်တဆိတ် အလွယ်တကူ ဝင်ရောက်ခြေကုပ်ယူတပ်စွဲနိုင်ခဲ့ခြင်းကလည်း ထိုစဉ်က မွန်မြန်မာစစ်ပွဲဖြစ်နေဆဲကာလ ဖြစ်သည်။ ပထမတွင်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

မွန်တို့အရေးသာသည်။ ပြည်နှင့်တောင်ငူတို့ကို သိမ်းယူနိုင်ပြီး နှစ်အတော်ကြာတွင် အင်းဝကို သိမ်းပိုက်ကာ အင်းဝမင်းအား ဟံသာဝတီသို့ ဖမ်းဆီးသွားနိုင်ခဲ့သည်။ တောင်ငူနန်းဆက် နိဂုံး ချုပ်သွားခဲ့သည်။

မွန်တို့အထက်အောက် မြန်မာနိုင်ငံကို သိမ်းယူလိုက်ချိန်တွင် အလောင်းမင်းတရားပေါ် ထွန်းခဲ့သည်။ မွန်တို့အား ခုခံတွန်းလှန်ခဲ့၏။ တနှစ်အတွင်း အင်းဝကို အလောင်းမင်းတရား ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ နောက်ဆုံး ရန်ကုန်မြို့သည် အလောင်းမင်းတရားလက်သို့ ကျ ရောက်ခဲ့လေသည်။

၁၇၅၅–ခုနှစ်တွင် အရှေ့အိန္ဒိယကုမ္ပဏီက အလောင်းမင်းတရားနှင့်မဟာမိတ်စာချုပ် တရပ် ချုပ်ဆိုရန် ကပ္ပတိန်ဘေကာCaptain Baker အား အင်းဝသို့လွှတ်လိုက်သည်။ ကပ္ပတိန် ဘေကာက အလောင်းမင်းတရားနှင့်တွေ့ဆုံရပုံကို ၎င်း၏မှတ်တမ်း၌ အောက်ပါအတိုင်း ရေး သားခဲ့သည်။

၁၇–ရက်နေ့ နံနက်တွင် ကျွန်ုပ်အား ညနေညီလာခံတွင် ဘုရင်မင်းမြတ်အား တွေ့ခွင့် ရမည်ဖြစ်ကြောင်း အကြောင်းကြားသည်။ ထိုနေ့ညနေ(၄)နာရီတွင် မြန်မာအရာရှိ ၁၀ ဦး ၁၂ ဦးခန့်နှင့်အတူ ယမ်းသေတ္တာ(၄)၊ သေနတ်(၂) ကြေးအမြောက်(၁)၊ ရှေ့ရည်သုတ်မှန်(၁) မြေနီ မှန့်အိတ်(၂) ရေမွှေးပုလင်း(၆)တို့ကို ယူဆောင်ကာ ဘုရင်ခံချုပ်ထံမှ ပေးလိုက်သည့်စာနှင့်အတူ နန်းတော်သို့ ထွက်လာခဲ့သည်။ နန်းတော်တံခါးဝသို့ ရောက်သော် စစ်အင်္ဂါခင်းကျင်းထားသည့် ဆင်တပ် မြင်းတပ်များကို ဖြတ်ကျော်ကာ နန်းရင်ပြင်သို့ရောက်ခဲ့သည်။ နန်းရင်ပြင်တွင် ၂၀၀ ခန့်ရှိသော ကြေးအမြောက်၊ သံအမြောက်များ ခင်းကျင်းထားသည်။ နန်းဦးသို့ ရောက်မှ ရာဇ ပလ္လင်ပေါ်တွင် စံနေတော်မူသော ဘုရင်မင်းမြတ်ကို တွေ့မြင်ရပေသည်။

ကပ္ပတိန်ဘေကာသည် ဘုရင့်ရှေ့တော်တွင် မည်သို့မည်ပုံ ခစားရပုံ၊ မိမိဝတ်ဆင်ထား သည့်အနောက်တိုင်းဝတ်စုံဖြင့် မြန်မာနည်းမြန်မာ့ဟန် ခစားရသည်မှာ မည်မျှခက်ခဲပုံစသည်များ ကိုလည်း ၎င်း၏မှတ်တမ်းအောက်ခြေမှတ်စုတွင် ဖော်ပြထားသေးသည်။

အလောင်းမင်းတရားသည် ထိုစဉ်က သန်လျင်ကို တိုက်ခိုက်သိမ်းယူရေးအတွက် လုံး ပမ်းနေဆဲကာလဖြစ်သဖြင့် ကပ္ပတိန်ဘေကာနှင့်စာချုပ်ချုပ်ဆိုရန် ဆန္ဒမရှိသေးပေ။ သို့တိုင် အောင် အင်္ဂလိပ်တို့က သေနတ်(၁၀၀၀)နှင့်အမြောက် ၂၀ ပေးပါက ကုမ္ပဏီအား ဟိုင်းကြီးကျွန်း နှင့်ပုသိမ်တို့အပြင် ရန်ကုန်မြို့တွင်ပါနေရာတနေရာပေးမည်ဟု ပြောသည်။

ယခုလောလောဆယ်တွင် မြန်မာမင်းအလိုရှိသည့်လက်နက်များ မပေးနိုင်သေးပေ။ ၎င်းနှင့်ပါလာသောစာချုပ်မူကြမ်းကို ဘုရင်က လက်မှတ်ရေးထိုးပါက ထိုလက်နက်များအား ဟိုင်း ကြီးကျွန်းအရောက် ယူဆောင်လာခဲ့ပါမည်ဟု ကပ္ပတိန်ဘေကာက ဆိုသည်။ အမှန်တကယ်တွင် မူ အလောင်းမင်းတရားသည် အင်္ဂလိပ်တို့အား ဟိုင်းကြီးကျွန်းတွင် ထားရန်ကိစ္စကို ယုံကြည်စိတ် ချခြင်းမရှိပေ။

အလောင်းမင်းတရားက ကပ္ပတိန်ဘောကာအား အောက်ပါအတိုင်း ဆက်လက်ပြောကြားခဲ့သည်။

သင်တို့အား ဟိုင်းကြီးကျွန်းတွင် မနေရဟု ငါမဆို၊ သို့သော် ကုမ္ပဏီက ငါ့အပေါ် တွင် မည်မျှရက်ရောသည် တွေ့ရသောအခါ ငါ၏ ရက်ရောမှုကို သင်တို့တွေ့ရမည်ဖြစ်သည်။ သင်နှင့်ငါတို့သည် ယခုမှ တွေ့ဖူးမြင်ဖူးကြသည့်သူစိမ်းတရံဆံများဖြစ်ကြသည်။ သင်တို့အဘယ်သင်္ဘောနှင့် ဟိုင်းကြီးကျွန်းတွင် အခြေစိုက်နေကြသည်ကိုလည်း ငါမသိရသေး။ သင်တို့လည်း ငါ့အပေါ် သစ္စာရှိကြောင်း တကြိမ်မျှ မပြခဲ့ကြသေး။

ရန်ကုန်မြို့သို့ ရောက်လာသည့်သင်တို့၏ သင်္ဘောများကို ငါက ကောင်းမွန်စွာ ကြိုဆိုလက်ခံခဲ့ပါလျက် ထိုသင်္ဘောများသည် ငါ့အပေါ် သစ္စာဖောက်ခဲ့ကြပြီး ဖြစ်သည်။ ယခုအချိန်တွင် ကုမ္ပဏီက ငါ့အပေါ် တွင် မည်မျှသစ္စာရှိမည်ကို ငါစောင့်ကြည့်ရဦးမည်။

ကုမ္ပဏီကသာ ငါ့အပေါ် တွင် ရက်ရောမှုရှိကြောင်း ပြစမ်းပါစေ။ ငါက ကုမ္ပဏီအပေါ် ကို ရက်ရောမည် မပူပါနှင့်။ မဒရပ် တမြို့လုံး ဟိုင်းကြီးကျွန်းကို ရွှေ့ခဲ့ပါစေ ငါမမှု။ ကုမ္ပဏီ၏ ကတိသစ္စာတည်ကြည်မှုကို ဆုံးဖြတ်ရန် ယခုတကြိမ်သာ ကျန်တော့သည်။

ဤသို့ဖြင့် ကပ္ပတိန်ဘောကာသည် ၎င်းတို့ချုပ်ဆိုလိုသော စာချုပ်မချုပ်ဖြစ်ပဲ ပြန်ခဲ့ရသည်။ ၎င်းနောက် ၁၇၅၇–ခုနှစ်၊ ဂျူလိုင်လတွင် အလောင်းမင်းတရားသည် ကုမ္ပဏီ၏ ကိုယ်စားလှယ်အသစ်ဖြစ်သော အင်ဇိုင်းရောဘတ်လက်စတာ(Enzign Robert Lester)နှင့်ဆွေးနွေးခဲ့သည်။ "စာချုပ် ချုပ်ဖို့လိုပါ၏ လော"ဟုအင်ဇိုင်းရောဘတ်လက်စတာအား မင်းတရားကြီးက အကြိမ်ကြိမ် မေးခဲ့သည်။ မင်းတရားကြီးအနေဖြင့် စာချုပ်စာတန်းကို တဆောင်တယောင် လက်မှတ်ထိုးတံဆိပ်ခတ်နှိပ်ကာ ချုပ်ဆိုလိုသောဆန္ဒ မရှိ။ သို့သော်လည်း နောက်ဆုံး၌မူ စာချုပ်ချုပ်ရန် သဘောတူပြီး စာချုပ်တွင် ဘုရင့်တံဆိပ်ကို ခတ်နှိပ်ခဲ့သည်။

ထိုစာချုပ်အပုဒ်(၁)တွင် ပဲခူးနှင့်အင်းဝဘုရင်ကိုယ်တိုင်နှင့်နောင်သားတော်အစဉ်မြေးတော်အဆက်ဆက်တို့သည် အရှေ့အိန္ဒိယကုမ္ပဏီနှင့်၎င်းအား ဆက်ခံမည့်သူများအား ဟိုင်းကြီးကျွန်းကို လုံးဝပေးအပ်လိုက်သည်။ ယခုအချိန်မှစ၍ ၎င်းတို့သည် ထိုကျွန်းမှာ ရှိမည့်အကျိုးခံစားခွင့်မှန်သမျှ အကျိုးစီးပွားမှန်သမျှကို တည်ငြိမ်အေးချမ်းစွာ ပိုင်ဆိုင်ခံစားခွင့်ရှိသည်။

အပုဒ်(၂)တွင်မူ ကုမ္ပဏီအား မြေယာတကွက်ပေးသည့်အကြောင်းကို ဖော်ပြထားသည်။ ထိုမြေယာပေါ်မှ ရမည့်အကျိုးအမြတ်များအားလုံးကို ကုမ္ပဏီက ခံစားခွင့်ရှိသည့်အပြင် ခံတပ်စခန်းများ ဆောက်လုပ်ခွင့်နှင့်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပါ ပါလေသည်။

အပုဒ်(၇)တွင် ကုမ္ပဏီက မြန်မာမင်းနှင့်တကွ ၎င်း၏ သားတော်အစဉ် မြေးတော်အဆက်မြစ်တော်အညွှန့်တို့အား ရေကြောင်းကုန်းကြောင်းမှ တိုက်ခိုက်လာသည့်ရန်သူမှန်သမျှကို ခုခံကာကွယ်ပေးရမည်။ ရေကြောင်း ကြည်းကြောင်းမှလာသည့်ရန်သူများကို မြန်မာမင်းက ခုခံတိုက်ခိုက်ရာတွင် ကုမ္ပဏီက မြန်မာမင်းအား စစ်သည်များဖြင့်လည်းကောင်း၊ စစ်လက်နက်များပစ္စည်းများ

E-book is created by www.shanyoma.org

ဖြင့်လည်းကောင်း ထောက်ပံ့ကူညီရမည်။

စာချုပါအခြားအပုဒ်များတွင်မူ ကုမ္ပဏီ၏ ကုန်သွယ်ခွင့်နှင့်လုံခြုံမှုများကို အင်းဝဘုရင်က လုံးဝအာမခံပေးထားသည်။

ထိုအခွင့်အရေးများ ရရှိသဖြင့် ကုမ္ပဏီက အင်းဝဟံသာဝတီမင်းမြတ်နှင့်တကွ ၎င်း၏ သားတော် မြေးတော်အဆက်ဆက်တို့အား ကုမ္ပဏီ၏ ဆိပ်ကမ်းမြို့များဖြစ်သည့် ဖို့စိန်ဂျော့ ဖို့စိန်ဒေဗစ်၊ ဒေဗီကိုတာ့နှင့်ဗဇ္ဇဂပတန်အစရှိသည့်မြို့များတွင် အကောက်ခွန်မဲ့ ဝင်ရောက်ရောင်းဝယ်ဖောက်ကားခွင့်ပြုထားသည်။

ကုမ္ပဏီ၏ ဆိပ်ကမ်းမြို့များသို့ဝင်ရောက်လာသည့်မြန်မာသင်္ဘောနှင့်တကွ သင်္ဘောတွင် တင်ဆောင်လာသည့်ကုန်စည်များသည် မြန်မာမင်းပိုင်ဖြစ်ကြောင်း၊ သို့တည်းမဟုတ် မြန်မာမင်း၏ ကျေးတော်မျိုး ကျွန်တော်မျိုးဖြစ်ကြောင်းကို ဘုရင်မင်းမြတ်၏ ရုံးတံဆိပ်ခတ်နှိပ်ထားသည့် သက်သေခံလက်မှတ်အထောက်အထားဖြင့် သက်ဆိုင်ရာသင်္ဘောဦးစီးက ပြသနိုင်ရမည်ဖြစ်ပေသည်။

ထိုစာချုပ်သည် အလောင်းမင်းတရားကြီးက အလွန့်အလွန်ရက်ရောမှုကို ပြလိုက်ခြင်းဖြစ်သည်။ စာချုပ် ချုပ်ဆိုပြီး တလမပြည့်မီမှာပင် အင်ဗိုင်းရောဘတ်လက်စတာသည် ဟိုင်းကြီးကျွန်းအား တရားဝင်သိမ်းယူခဲ့သည်။ ၁၇၅၇–ခု၊ သြဂုတ်လ ၂၂ ရက်နေ့စွဲဖြင့် အင်ဗိုင်းရောဘတ်လက်စတာသည် ၎င်း၏မှတ်တမ်း၌ အောက်ပါအတိုင်း ရေးသားခဲ့သည်။

ထိုနေ့ နံနက်တွင် တဘက်မမ်းသို့ သွားရောက်ကာ အလောင်းမင်းတရားပေးကမ်းလိုက်သည့်မြေယာကို ကုမ္ပဏီအမည်ဖြင့် တရားဝင်လက်ခံယူခဲ့သည်။ အင်္ဂလိပ်အလံကို လွှင့်ထူကာ အခါတော်အထိမ်းအမှတ် သေနတ်(၃)ချက် ပစ်ဖောက်ခဲ့သည်။

ဤသို့ဟိုင်းကြီးကျွန်းပေါ်၌ အင်္ဂလိပ်အလံ လွှင့်ထူလိုက်ခြင်းသည် မြန်မာမြေတစိတ်တဒေသကို အင်္ဂလိပ်တို့ ပိုင်ဆိုင်လာသည့်အမှတ်အသားပင် ဖြစ်သည်။ ၁၇၅၇–ခုနှစ်မှာပင် အင်္ဂလိပ်တို့သည် မြန်မာပိုင်နက် တစိတ်တဒေသကို ၎င်းတို့လက်ဝယ် တရားဝင်ပိုင်ဆိုင်ခဲ့သည်ဟုလည်းဆိုနိုင်ပြောနိုင်သည်။

၁၇၅၆–ခုနှစ်က အလောင်းမင်းတရားသည် ၎င်း၏မြို့တော် ရွှေဘိုသို့ပြန်နေခိုက် မွန်အမျိုးသားများက ရန်ကုန်မြို့ကို သုံးကြိမ်တိုင်တိုင် ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသည်။ ရောဝတီမြစ်ဝကျွန်းပေါ်နှင့်ဟံသာဝတီတွင် တပ်စွဲထားသော မြန်မာတပ်များကို အင်္ဂလိပ်တို့ အကူအညီဖြင့် မွန်အမျိုးသားတို့က များစွာခြိမ်းခြောက်နိုင်ခဲ့ကြသည်။ မွန်မြန်မာပဋ္ဌိပက္ခကို အကြောင်းပြုကာ ၎င်းတို့၏ ကိုယ်ကျိုးအတွက် အမြတ်ထုတ်ဖို့ စောင့်ကြည့်နေကြသည့်အင်္ဂလိပ်တို့သည် မွန်တို့အရေးသာမည်ထင်၍ မွန်တို့အား ကူညီထောက်ပံ့ခဲ့ကြခြင်းဖြစ်သည်။ နောက်တဘက်ကလည်း အထက်ပါ အင်္ဂလိပ်မြန်မာစာချုပ်ကို အလောင်းမင်းတရားနှင့်ချုပ်ဖြစ်အောင် ချုပ်လိုက်ကြသေးသည်။

E-book is created by www.shanyoma.org

အလောင်းမင်းတရားသည် အကြားအမြင်များပြားပြီး အမြော်အမြင်ကြီးသောဘုရင်ဖြစ်သည်။ အိန္ဒိယကုန်းမြေတဝိုက်တွင် ပြင်သစ်နှင့်ဗြိတိသျှကိုလိုနီဝါဒသမားများ အဘယ်အထိခြေရှုပ်ခဲ့ကြသည့်အကြောင်းများကို ကြားသိတန်သ၍ ကြားသိထားပြီးဖြစ်သည်။

သို့ရာတွင် အခြေအနေနှင့်အချိန်အခါကို စောင့်ဆိုင်းခဲ့ရသဖြင့် ယင်းသို့မြန်မာနိုင်ငံပြည်တွင်းရေးတွင် အမျိုးမျိုးဝင်ရောက်စွက်ဖက်ကာ ခြေရှုပ်ချင်တိုင်း ရှုပ်နေကြသော ကိုလိုနီဝါဒသမားများကို စောင့်ကြပ်ကြည့်ရှုနေခဲ့သည်။

ဤသို့စောင့်ကြပ်ကြည့်ရှုနေခဲ့ရာမှ ၎င်းတို့ကို ရှင်းလင်းသုတ်သင်ခြင်း မပြုလျှင် မည်သို့မျှ မဖြစ်နိုင်တော့သည့်အဆုံးတွင် အလောင်းမင်းတရားသည် အမြော်အမြင်နှင့်ပြည့်စုံသောအကြီးအကဲတဦးပီပီ ပြင်သစ်နှင့်ဗြိတိသျှကိုလိုနီဝါဒသမားတို့ကို ရှင်းလင်းသုတ်သင်ခြင်းပြုလေတော့သည်။

၁۷၅၉–ခုနှစ်တွင် အလောင်းမင်းတရားသည် မြန်မာပြည်တွင်းသို့ ရောက်လာသည့်ကုမ္ပဏီ၏ အာဏာပိုင်တဦးဖြစ်သော မစ္စတာဗှိုက်ဟီးဆိုသူအား ဖမ်းဆီးအကျဉ်းချထားပြီး ၎င်း၏သဘော်ကိုပါ သိမ်းယူလိုက်သည်။ မစ္စတာဗှိုက်ဟီးသည် မွန်တို့အား စစ်ရေးအရ ကူညီခဲ့သောကြောင့် ဤသို့ဖမ်းဆီးလိုက်ခြင်း ဖြစ်သည်။

အင်္ဂလိပ်တို့သည် ဘဂ်လားမှ ကပ္ပတိန်ဆောက်သ်ဘီ(Captain Southby)ကို ဟိုင်းကြီးကျွန်းပေါ်ရှိ ၎င်းတို့ခံတပ်အား စီမံကွပ်ကဲရန် လွှတ်လိုက်သည်။ ဆောက်သ်ဘီကျွန်းပေါ် သို့ရောက်သောအခါ ပုသိမ်မြို့ဝန်နှင့်အလောင်းမင်းတရား၏ လက်စွဲတော်ပေါ် တူဂီလူမျိုးအန်တိုနီယို (Antonio) တို့ကိုတွေ့ရသည်။

နောက်နေ့ နံနက်တွင် ဆောက်သ်ဘီနှင့်အန်တိုနီယိုတို့ကို နံနက်စာ စားနေကြစဉ် မြန်မာစစ်သားများ ကျွန်းပေါ် သို့ ရုတ်တရက်ရောက်လာကြသည်။ လက်နက်ကိုယ်စီ ကိုင်စွဲလျက်ဖြစ်သည်။ မြန်မာစစ်သားများသည် ကျွန်းပေါ်ရှိ အင်္ဂလိပ်လူမျိုးများအားလုံးကို သုတ်သင်ပစ်လိုက်သည်။ ကုမ္ပဏီ၏ သစ်လုံးများကို မီးတင်ရှို့လိုက်ကြသည်။

မှန်နန်းရာဇဝင်တော်ကြီး၏ ရေးသားဖေါ်ပြချက်ကို တင်ပြရပါမူ...

အင်္ဂလိပ်တို့က မွန်တို့အား လက်နက်ခဲယမ်းမီးကျောက်များ ထောက်ပံ့နေသည်ဟု တာမေ့တိုက်ပွဲတွင် ဖမ်းဆီးရမိသည့်မွန်သံ့ပန်းတဦး၏ သတင်းပေးချက်အရ အလောင်းမင်းတရားသည် မင်းရဲကောင်းပုံနှင့်မြင်းမျူးမင်း နယသခ်တို့ကို ဟိုင်းကြီးကျွန်းသို့ စေလွှတ်၍ အင်္ဂလိပ်တို့အား တယောက်မကျန် ရှင်းလင်းသုတ်သင်ခြင်း ပြုလိုက်လေသည်။

မနုဿ

မှတ်ချက်။ ။၁၉၈၆–ခုနှစ်၊ မေလထုတ် စန္ဒာရုပ်စုံမဂ္ဂဇင်း စာမျက်နှာ (၂၇ မှ ၃၂ ထိ) ၌ လာရှိသောဆောင်းပါးကို ပြန်စာစီရိုက်ထားပါသည်။

E-book is created by www.shanyoma.org